ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၉ ရက်**

**( ၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၂.၃၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၂၃-၅-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ အင်းလုပ်ငန်းအစုအဖွဲ့ လျှောက်ထားမှု စိစစ်ရန်။ ဦးညီညီထွေး(ခ)ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဆေးရုံတက်ရောက်နှင့် ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၁)ဦးဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၁၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြ အပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၁၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုးဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုးဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးသန်းဋ္ဌေး အစား ဗိုလ်မှူးကြီး စိုးမိုးအောင် အား အစားထိုး ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုး ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုး ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးတည်း ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန သန်လျင်လူငယ်သင်တန်းကျောင်းတွင် ယာယီထိန်းသိမ်းထားသော ကလေးသူငယ်များ၏ အမှုအား လျင်မြန်စွာ စစ်ဆေးပြီး ကလေးသူငယ်အခွင့်အရေးများရရှိရန် သက်ဆိုင်ရာသို့ ပြန်လည်လွှဲအပ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန သန်လျင်လူငယ်သင်တန်းကျောင်းတွင် ယာယီထိန်းသိမ်းထားသော ကလေးသူငယ်များရဲ့အမှုအား လျင်မြန်စွာ စစ်ဆေးပြီး ကလေးသူငယ်အခွင့်အရေးများရရှိရန် သက်ဆိုင်ရာသို့ ပြန်လည်လွှဲအပ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်မ ယနေ့ မေးချင်တဲ့မေးခွန်းကတော့ သန်လျင်လူငယ်သင်တန်းကျောင်းမှာ ယာယီထိန်းသိမ်းထားတဲ့ ကလေးသူငယ်တွေရဲ့အမှုကို လျင်မြန်စွာ စစ်ဆေးပြီး သက်ဆိုင်ရာကို ပြန်လည်လွှဲအပ်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းချင်တာဖြစ်ပါတယ်။

အခြေခံအကြောင်းပြချက်များကတော့ မြန်မာနိုင်ငံဟာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် အဖွဲ့ဝင်အဖြစ် ၁၉၉၁ မှ စတင်ခဲ့ပြီးတော့ မြန်မာနိုင်ငံရဲ့ ကလေးသူငယ်ဥပဒေဟာလည်း ၁၉၉၃ မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီ ဥပဒေမှာပါရှိတဲ့ အခန်း(၅)၊ ကလေးသူငယ်ရဲ့ အခွင့်အရေးများ၊ ပုဒ်မ ၁၆(က)မှာ ကလေးသူငယ်တိုင်း၏ ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို အကြောင်းမဲ့ ထိပါးခြင်းမခံရစေရန် သက်ဆိုင်ရာ အစိုးရဌာန၊

အဖွဲ့အစည်းများက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရမည်ဆိုတာကို ဖော်ပြထားပါတယ်။ ထို့အပြင် အခန်း(၁၀)မှာလည်းပဲ ကလေးသူငယ်အမှုအခင်းများစစ်ဆေးစီရင်ခြင်းဆိုတဲ့ အခန်းမှာ ပုဒ်မ ၄၂၊ ကလေးသူငယ်တရားရုံးသည် ကလေးသူငယ်အမှုအခင်းကို စစ်ဆေးစီရင်ရာတွင် လိုက်နာရမည့် အချက်များကို ဖော်ပြထားပါတယ်။

အဲဒီ ဥပဒေအရ မည်သည့်မှုခင်းကို မဆို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ကြားနာစစ်ဆေး ပေးမှုခံယူရရှိရန် အခွင့်အရေး၊ အလေးဂရုပြုမှုနှင့် ဆက်ဆံမှုရရှိရေး စသည်တို့ ပါဝင်ပါတယ်။ သို့ပါသော်လည်း ကလေးသူငယ်တရားရုံးအချို့မှာ အထက်ပါကလေးများအတွက် အခွင့်အရေးကို အလေးအနက်ထားခြင်းမရှိဘဲနှင့် တရားရုံးထုတ် စစ်ဆေးမှုမရှိတာ၊ ရက်ချိန်းအကြိမ်ကြိမ် ပြန်ပြီးတော့ ချိန်းတာတွေ ဖြစ်နေပါတယ်။ အဲဒီတော့ ရလဒ်အနေနဲ့ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ သန်လျင်လူငယ်သင်တန်းကျောင်းမှာ ယာယီ ထိန်းသိမ်းနိုင်တဲ့ အရေအတွက်ထက် ပိုမိုကျော်လွန်ပြီးတော့ ထားရှိနေတယ်ဆိုတာကို ကျွန်မကိုယ်တိုင် ၁၀-၁-၂၀၁၈ ရက်နေ့မှာ သွားရောက်ပြီးတော့ လေ့လာတွေ့ရှိခဲ့ရပါတယ်။ အဲဒီမှာဆိုလို့ရှိရင် ကလေး တွေကိုထားနိုင်တဲ့ နေရာအနေအထားဟာ (၁၅၀)ဦးပဲ လက်ခံနိုင်ပါတယ်။

သို့သော်လည်း လက်ရှိထားနေတာကတော့ ကလေးအရေအတွက်က (၂၇၀)ဦးဖြစ်နေ ပါတယ်။ အဲဒီကလေးတွေရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ပိုင်းဆိုင်ရာ ကျန်းမာသန့်ရှင်းတဲ့ ပတ်ဝန်းကျင်တွေ လည်း မရရှိပါဘူး။ လူမှုဝန်ထမ်းကတော့ ယခင်နှစ်ဘတ်ဂျက်နှင့် လေးထပ်ဆောင်ဆောက်နေတယ်လို့ သိရပါတယ်။ ဒါပေမဲ့ ဒါကလည်းပြဿနာရဲ့ အဖြေမဟုတ်ပါဘူး။ အဓိကကတော့ တာဝန်ရှိတဲ့ ကလေး သူငယ်တရားရုံးက ဘယ်အမှုအခင်းကိုမဆို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲနဲ့ ကြားနာစစ်ဆေးမှု သာလျှင် သင့်တော်တဲ့ နေရာကိုလွှဲအပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ငှက်အော်စမ်း သို့မဟုတ် မိဘရဲ့ အုပ်ထိန်းမှုအောက်ပေါ့။ အဲဒီလိုမျိုး ပြန်လည်ပြီးတော့ လွှဲအပ်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်မကို Power Point ပြခွင့်ပြုပါ။ ဒါကတော့ သန်လျင်လူငယ်သင်တန်းကျောင်း ဖြစ်ပါတယ်။ သန်လျင်မြို့နယ်မှာ ရှိပါတယ်။ ဒါကတော့ ကျွန်မသွားရောက်တဲ့အခါမှာ တွေ့ရှိရတဲ့ ကလေးတွေ နေထိုင်ရတဲ့ အနေအထား ဖြစ်ပါတယ်။ အင်မတန်မှ ကျပ်ပြီးတော့ ဒါကတော့ နေ့ခင်းချိန် ဖြစ်ပါတယ်။ ညအချိန်ဆိုလည်း အဲဒီမှာပဲ အိပ်ရတာ ဖြစ်ပါတယ်။ ဒါကတော့ ထမင်းစားနေတဲ့ အချိန် ပါ။ ကျွန်မတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်မက တစ်ဦးချင်းပေါ့နော်။ သူတို့ရဲ့ အခက်အခဲ တွေကို မေးမြန်းတဲ့အခါမှာ အမှုစစ်ဆေးမှုမရှိတာ။ (၁)နှစ်ကျော်၊ (၂)နှစ်ပေါ့။ တချို့တွေဆို (၂)နှစ် ကျော်ခဲ့ပါပြီ။ ဒါကတော့ အဲဒီနေ့ ကျွန်မသွားတဲ့အခါမှာ ဒီ လူငယ်သင်တန်းကျောင်းမှာ (၁)နှစ်ကျော် ကနေ (၂)နှစ်အတွင်းမှာရှိတဲ့ ကလေး(၁၇)ယောက်ရဲ့စာရင်း ဖြစ်ပါတယ်။

သို့ပါသောကြောင့် မြန်မာနိုင်ငံရဲ့ ကလေးသူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြစ်မှု ကျူးလွန်သော ကလေးများအား လျင်မြန်စွာ စစ်ဆေးပြီး သက်ဆိုင်ရာသို့ ပြန်လည်လွှဲအပ်ရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းလိုပါတယ်။


သန်လျင် လူငယ်သင်တန်းကျောင်းတွင် ယာယီထိန်းသိမ်းထားသော ကလေးသူငယ်များ၏ အခြေအနေ မြင်ကွင်းပုံ (၄)



သန်လျင် လူငယ်သင်တန်းကျောင်းတွင် ယာယီထိန်းသိမ်းထားသော ကလေးသူငယ်များ၏ အခြေအနေ မြင်ကွင်းပုံ (၄-၁)



သန်လျင် လူငယ်သင်တန်းကျောင်းရှိ (၁)နှစ်ကျော်မှ (၂)နှစ်ကျော်အတွင်း ထိန်းသိမ်းခံရဆဲ အသက်(၁၆) နှစ်အောက် အမှုရင်ဆိုင်ဆဲ တရားရုံးစီရင်ချက် မပြီးပြတ်သေးသော ကလေးများစာရင်းပြပုံ (၄-၂)



လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန

သန်လျင် လူငယ်သင်တန်းကျောင်းတွင် ထိန်းသိမ်းထားသော အသက် ၁၆ နှစ်အောက် အမှုရင်ဆိုင်ဆဲ တရားရုံး စီရင်ချက် မပြီးပြတ်သေးသော ကလေးစာရင်း။ (သန်လျင် လူငယ်သင်တန်းကျောင်းတွင် ၁ နှစ်ကျော်မှ ၂ နှစ်ကျော် အတွင်း ထိန်းသိမ်းခံရဆဲ)

နေ့စွဲ- ၁၀.၁.၂၀၁၈

| စဉ် | အမည် | အသက် | အဘအမည် | ပုဒ်မ | ရဲစခန်း | တရားရုံး |
|---|---|---|---|---|---|---|
| ၁ | မောင်ချမ်းမြေ့အောင် | ၁၆ | ဦးအောင်ဇော်ဦး | ၃၈၂/၅၄ | တောင်ဒဂုံ | ဖ-၂ တရားရုံး တောင်ဒဂုံ |
| ၂ | မောင်ကျော်ကျော်ငြိမ်း | ၁၆ | ဦးသိန်းနိုင် | ၁၆(ဂ) | မြောက်/ဥ | မြောက်/ဥ |
| ၃ | မောင်ချစ်စံဝင်း | ၁၆ | ဦးအောင်မြင့် | ၁၅/၁၆(ဂ) | | အင်းစိန် |
| ၄ | မောင်ရဲမင်းအောင် | ၁၅ | ဦးမြင့်အောင် | ၃၆၃/၃၇၆ | | ဖ-၂ တရားရုံး တောင်ဒဂုံ |
| ၅ | မောင်နိုင်ကို | ၁၆ | ဦးချစ်တိုး | ၁၅/၁၆(ဂ) | တောင်ဒဂုံ | ဖ-၂ တရားရုံး တောင်ဒဂုံ |
| ၆ | မောင်ပြည့်ဖြိုးအောင် | ၁၆ | ဦးမျိုးအောင် | ၃၇၆ | | ဖ-၂ တရားရုံး တောင်ဒဂုံ |
| ၇ | မောင်ဖိုးသွား | ၁၅ | ဦးကျော်ဝင်း | ၁၉(င) | ရေပေါ်စခန်း | ဖ-၂ တရားရုံး တောင်ဒဂုံ |
| ၈ | မောင်သန့်ထိုက် | ၁၆ | ဦးဝင်းဇော် | ၃၈၀ | သဃ်န်းကျွန်း | သဃ်န်းကျွန်း |
| ၉ | မောင်ထွန်းထွန်း | ၁၅ | ဦးဝင်းဦး | ၃၈၀ | တောင်မြောက်လမ်းဆုံ | ဖ-၂ တရားရုံး တောင်ဒဂုံ |
| ၁၀ | မောင်သိန်းထိုက်ဦး | ၁၅ | ဦးဇော်မင်းလတ် | ၃၈၀ | တောင်မြောက်လမ်းဆုံ | ဖ-၂ တရားရုံး တောင်ဒဂုံ |
| ၁၁ | မောင်ထက်ဝေယံ | ၁၆ | ဦးလေးဘကြီး | ၃၇၉ | သဃ်န်းကျွန်း(၁၉) | သဃ်န်းကျွန်း |
| ၁၂ | မောင်ဇော်ဝင်းထွဋ် | ၁၅ | ဦးသက်နိုင် | ၁၅/၁၆(ဂ) | သန်လျင် | သန်လျင် |
| ၁၃ | မောင်မျိုးကိုကိုနိုင် | ၁၆ | ဦးထွန်းထွန်း | ၁၅/၁၆(ဂ) | သန်လျင် | သန်လျင် |
| ၁၄ | မောင်မင်းမင်းထွေး | ၁၆ | ဦးလှဲတင် | ၃၈၂ | တောင်ဒဂုံ | တောင်ဒဂုံ |
| ၁၅ | မောင်ကျော်ဖြိုးအောင် | ၁၅ | ဦးအောင်ဆန်းမင်း | ၃၈၀ | မှော်ဘီ | မှော်ဘီ |
| ၁၆ | မောင်ကျော်မင်းခန့် | ၁၄ | ဦးကျော်နိုင် | ၃၈၀ | မှော်ဘီ | မှော်ဘီ |
| ၁၇ | မောင်ကျော်စွာထွန်း | ၁၆ | ဦးတင်ထွန်း | ၃၀၂/၁၁၄ | လေးခေါင်ကန် | ဖ-၂ တရားရုံး တောင်ဒဂုံ |

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လက်ခံ ကြားနာ စီရင်ဆုံးဖြတ်သည့် အမှုအခင်းများ၏ အပတ်စဉ် ကြိုတင် အမှုခေါ် စာရင်းများ၊ လက်ခံသည့်အမှုများ၊ အကျဉ်းနည်းဖြင့် ပယ်သည့်အမှုများ၊ အပြီးသတ် အမိန့်ချ သည့် အမှုများကို နေ့စဉ်ထုတ် သတင်းစာတစ်ခုခုတွင် ပုံမှန် သို့မဟုတ် အချပ်ပိုစာမျက်နှာ တစ်ခု၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စာမျက်နှာအဖြစ် ထည့်သွင်းကြော်ငြာ အသုံးပြုလျှင် ပြည်သူများ အနေဖြင့် အခက်အခဲများ ပြေလျော့ပြီး ပိုမိုပွင့်လင်းမြင်သာမှု ရရှိနိုင်မည် ဖြစ်ပါသဖြင့် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လက်ခံ ကြားနာ စီရင်ဆုံးဖြတ်သည့် အမှုအခင်းများ၏ အပတ်စဉ် ကြိုတင် အမှုခေါ်စာရင်းများ၊ လက်ခံသည့်အမှုများ၊ အကျဉ်းနည်းဖြင့် ပယ်သည့်အမှုများ၊ အပြီးသတ်

အမိန့်ချမှတ်သည့် အမှုများကို နေ့စဉ်ထုတ် သတင်းစာတစ်ခုခုတွင် ပုံမှန် သို့မဟုတ် အချပ်ပို စာမျက်နှာ တစ်ခု၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စာမျက်နှာအဖြစ် ထည့်သွင်း ကြော်ငြာ အသုံးပြုလျှင် ပြည်သူများအနေဖြင့် အခက်အခဲများ ပြေလျော့ပြီး ပိုမိုပွင့်လင်းမြင်သာမှု ရရှိနိုင်မည် ဖြစ်ပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။**　　။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့်တကွ ကြွရောက်လာတဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးတို့ကို မင်္ဂလာပါလို့ ရိုသေလေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှေ့နေများနှင့် အမှုသည်များဟာ မူလအမှုအခင်း များဆောင်ရွက်ကြတဲ့အခါမှာ မြို့နယ်တရားရုံးများ၊ ခရိုင်တရားရုံးများနှင့် တိုင်းဒေသကြီး တရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များမှာ နောက်လာမယ့် ရုံးချိန်း နေ့ရက်နှင့် အချိန်များကို တိတိကျကျ ညှိနှိုင်းဆောင်ရွက်လို့ ရကြပါတယ်။

ဒီအတိုင်းပါပဲ။ ခရိုင်တရားရုံးများမှာလည်း အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှု များကို ဆောင်ရွက်ကြတဲ့အခါမှာ နောက်လာမယ့် ရုံးချိန်းကို နေ့ရက်၊ အချိန်တိတိကျကျ ချိန်းဆို ရရှိနိုင်ပါတယ်။ သို့သော် တိုင်းဒေသကြီး တရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်နှင့် နေပြည်တော် မှာရှိတဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်များမှာ အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှု များကို ဆောင်ရွက်ကြတဲ့အခါမှာ လျှောက်ထားလွှာများကိုသာ တင်ခဲ့ကြရပြီးတော့ နောက်ရုံးချိန်း ဆောင်ရွက်မယ့်နေ့ရက်ကို တစ်ခါတည်းချိန်းဆိုလို့ မရကြပါဘူး။ ဒါကြောင့် ရှေ့နေများနှင့် အမှုသည် များဟာ မိမိတို့ ရုံးချိန်းနေ့ရက်များကို ရက်သတ္တပတ်(၃)ပတ်ခန့် ကြိုတင်ပြီးတော့ ကြေညာကပ် ထားလေ့ရှိတဲ့ အမှုခေါ်စာရင်းများကို အပတ်စဉ် ကပ်တိုင်းကပ်တိုင်း မိမိတို့ရဲ့အမှုများ ဒီအပတ် ကြေညာတဲ့ အထဲပါနိုးနိုး စောင့်ကြည့်ရတာဟာဖြင့် အလွန်တာဝန် ကြီးလှသလို ရင်တုန်စရာလည်း ကောင်းလှပါတယ်။

အမှုများဟာ လုပ်ငန်းသဘာဝအကြောင်းအမျိုးမျိုးကြောင့် အမြဲတမ်းပဲ အမှုနံပါတ် အစီအစဉ် အတိုင်း ပါလာလေ့မရှိကြပါဘူး။ တစ်ပတ်တစ်ကြိမ် မကြည့်မိလို့ဖြစ်ဖြစ် ကြည့်နေပါရက် မျက်စိလျှမ်း လို့ ဖြစ်ဖြစ်၊ ကိုယ်တိုင်မကြည့်နိုင်လို့ ကူညီပြီးကြည့်ပေးသူက ပေါ့ဆလို့ပဲ ဖြစ်ဖြစ်၊ မိမိတို့ အမှုပါလာ တာကို မသိလိုက်လို့ ချိန်းဆိုတဲ့နေ့မှာ မရောက်ရှိခဲ့ရင် မိမိတို့အမှုဟာ အပယ်ခံရပြီးတော့ အမှုသည်က ဆုံးရှုံးနစ်နာရသလို ရှေ့နေကလည်း တာဝန်မကျေလို့ ပြဿနာတက်ကြရပါတယ်။ ဒါကြောင့် ဒီအမှုခေါ် စာရင်းဟာ အမှုသည်များရဲ့ ကံကြမ္မာဖြစ်သလို ရှေ့နေများအတွက်လည်း အလွန်အရေးကြီးလှပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် အမှုခေါ်စာရင်းများကို အဲဒီတိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များမှာ ကပ်လေ့၊ ကြေညာထားလေ့ရှိပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ အမှုခေါ်စာရင်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိရာ နေပြည်တော်နှင့် တိုင်းဒေသကြီး တရား

လွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များမှာ ကပ်နိုပ်ကြော်ငြာထားတဲ့အပြင် ပြည်ထောင်စုတရား လွှတ်တော်ချုပ် Internet Website မှလည်း လွှင့်တင်ကြေညာထားလေ့ရှိပါတယ်။

သို့သော် လက်တွေ့မှာတော့ ဝေးလံဒေသမြို့၊ ရွာမှာ နေထိုင်ကြတဲ့ အမှုသည်များနှင့် ရှေ့နေ များဟာ တိုင်းမြို့တော်၊ ပြည်နယ်မြို့တော်များနှင့် နေပြည်တော်မြို့တော်များမှာ ကပ်ထားတဲ့အမှုခေါ် စာရင်းများကို တစ်ပတ်တစ်ခါလာကြည့်ဖို့ဟာ အလွန်ခက်ခဲစွာ ရုန်းကန်ကြိုးပမ်းရတဲ့ ကိစ္စဖြစ်ပါတယ်။ အဲဒီလို ကြိုးပမ်းနေတဲ့ကြားက ရုံးချိန်းမသိလိုက်လို့ လွတ်သွားလို့ရှိရင် နစ်နာရတဲ့ အမှုသည်တွေ၊ ရှေ့နေတွေဟာ မကြာခဏရှိနေကြတယ်ဆိုတာ ကြားသိမြင်တွေ့ကြရပါတယ်။ Facebook လောကသာ အတွေ့အကြုံအတန်အသင့်ရှိကြတဲ့ ကျွန်တော်တို့ နိုင်ငံသားများဟာ Online ကကြေညာထားတာ တွေကိုလည်း မရှာတတ်မကြည့်တတ်သူများဟာဖြင့် အများစုကြီး ဖြစ်ပါတယ်။

ဒါကြောင့် နေ့စဉ်ထုတ်သတင်းစာတစ်ခုခုမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ စာမျက်နှာ တစ်ခု ပုံသေထားရှိပြီးတော့ အမှုခေါ်စာရင်းများအပြင် အကျဉ်းနည်းနဲ့ပယ်တဲ့အမှု၊ ကြားနာရန် လက်ခံ လိုက်တဲ့အမှု၊ အပြီးသတ်အမိန့်ချတဲ့ အမှုများစာရင်းကို နေ့စဉ်ထည့်သွင်း ဖော်ပြပေးစေလိုပါတယ်။ ဒ့ါအပြင် အများသိရှိရန်လိုအပ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ညွှန်ကြားလွှာများ၊ အမိန့် ကြော်ငြာစာများကိုလည်း ဖော်ပြပေးစေလိုပါတယ်။ ဒါမှသာ အမှုသည်များ၊ ရှေ့နေများ ရုံးချိန်းမသိလိုက်လို့ နစ်နာကြရတဲ့ ဒုက္ခမှလွတ်မြောက်နိုင်မှာဖြစ်သလို နိုင်ငံတော်ရဲ့ အမြင့်ဆုံး ပြည်ထောင်စုတရားလွှတ်တော် ချုပ်ရဲ့ ဆောင်ရွက်ချက်များကိုလည်း ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ကြမှာ ဖြစ်ပါတယ်။

သို့ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လက်ခံ၊ ကြားနာ ဆုံးဖြတ်သည့် အမှုအခင်းအပတ်စဉ် အမှုခေါ်စာရင်းများ၊ လက်ခံအမှုများ၊ အကျဉ်းနည်း ပယ်တဲ့အမှုများ၊ အပြီးသတ် အမိန့်ချမှတ်သည့် အမှုများကို နေ့စဉ်ထုတ် သတင်းစာ တစ်ခုခုမှာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် စာမျက်နှာအဖြစ် ထည့်သွင်းကြော်ငြာ အသုံးပြုလျှင် ပြည်သူများ အနေဖြင့် အခက်အခဲ ပြေလျော့ပြီးတော့ ပွင့်လင်းမြင်သာမှု ရရှိနိုင်မည် ဖြစ်တဲ့အတွက် ဆောင်ရွက် ပေးဖို့ အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဦးသာဌေး (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေး ဖြစ်ပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကလေးသူငယ်တရားရုံးများမှာ အမှုရင်ဆိုင်ဆဲ အောက်မြန်မာပြည်မှ ကလေးသူငယ် ယောကျ်ားလေးများကို သန်လျင်လူငယ်သင်တန်းကျောင်းသို့ ပို့အပ်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက ၂-၁၂-၂၀၁၁ ရက်စွဲပါ စာအမှတ် ၇၀၆၉/၆၀/၂-၁၃/၂၀၁၁ ဖြင့် အကြောင်းကြားခဲ့ပါတယ်။ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး ကလေး သူငယ်တရားရုံးရှိ အမှုစစ်ဆေးဆဲ ကလေးသူငယ်များကို သန်လျင်လူငယ်သင်တန်းကျောင်းတွင် ယာယီထိန်းသိမ်းရန် ပို့အပ်ရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကလေးသူငယ်တရားရုံးနှင့် မြို့နယ်တရားရုံးများတွင် ယခုလက်ရှိစစ်ဆေးနေဆဲ ကလေးသူငယ်အမှုပေါင်း(၉၉)မှု ရှိပါတယ်။ အဆိုပါ အမှုများတွင် (၆)လအောက် စစ်ဆေးဆဲ ကလေးသူငယ်အမှုပေါင်း(၆၅)မှု၊ (၆)လအထက် စစ်ဆေးဆဲ ကလေးသူငယ်အမှုပေါင်း(၃၄)မှု ရှိပါတယ်။

ယင်းစစ်ဆေးဆဲ အမှု(၃၄)မှုမှာ (၁)နှစ်အထက် စစ်ဆေးဆဲအမှု (၁၀)မှု၊ (၂)နှစ်အထက် စစ်ဆေးဆဲအမှု(၁)မှု ရှိပါတယ်။ (၁)နှစ်အထက် စစ်ဆေးဆဲအမှုများမှာ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် တရားရုံးနှင့် အင်းစိန်မြို့နယ်တရားရုံးမှ အမှုများ ဖြစ်ကြပါတယ်။ ယင်းအမှုများဟာ တရားလိုပြများ သက်သေများ များပြားခြင်း၊ တရားလိုရဲ့ သက်သေများမလာရောက်နိုင်ခြင်းတို့ကြောင့် (၁)နှစ်အထက် ကြန့်ကြာနေခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ကလေး သူငယ်ရုံးနှင့် မြို့နယ်တရားရုံးများတွင် စစ်ဆေးဆဲကလေးသူငယ်အမှုအခင်းများမှ သန်လျင် လူငယ် သင်တန်းကျောင်းတွင် ယာယီထိန်းသိမ်းထားသော ကလေးသူငယ်အမှုများကို မှန်မှန်နှင့် မြန်မြန် ပြီးပြတ်စေရေးအတွက် ၁၉၉၃ ခုနှစ်၊ ကလေးသူငယ် ဥပဒေပုဒ်မ ၄၁(ဂ)အရ ကလေးသူငယ် နည်းဥပဒေ ၇၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်စပ်အဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ စစ်ဆေး ဆောင်ရွက်ကြရန် ရန်ကုန်တိုင်းဒေသကြီး တရားရုံးအကြီးအမှူးက ၂၃-၂-၂၀၁၈ ရက်စွဲပါ စာအမှတ် ၃၈၇/တိုင်းဦးစီး/၂၀၁၈ဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း သက်ဆိုင်ရာ အမှုစစ် တရားသူကြီး အသီးသီးကလည်း အမှုတစ်ခုချင်းအလိုက် အမြန်ပြီးပြတ်စေရေးအတွက် ပြီးပြတ်မယ့် နေ့ရက်ကို လျာထားသတ်မှတ်ထားရှိ၍ ကြိုးပမ်းစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း ပထမဦးစွာ ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဒွေးဦး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုတရား လွှတ်တော်ချုပ်ကိုယ်စား ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရှိ တရားရုံးများ လက်စွဲ အပိုဒ် ၄၁ အရ တရားရုံးများမှာ အမှုခေါ်ပုံစာရင်း၊ (Cause - List) စီစဥ်ထားရှိခြင်းနှင့် စပ်လျဉ်းပြီး လိုက်နာရန် အချက်များကို ဖော်ပြထားရာ အမှုခေါ်ပုံစာရင်းဟူသည်မှာ တရားမနှင့် ရာဇဝတ် တရားရုံးများမှာ မပြီးပြတ်ရှိနေသည့် အမှုစာရင်းအားလုံး၏စာရင်း ဖြစ်သည်။ ထိုစာရင်းတွင် ပြဋ္ဌာန်းထားသည့် ပုံစံတွင်ရေးသားပြီးလျှင် ရုံးခန်းအတွင်း၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ၊ လူအများမြင် နိုင်သည့် ထင်ရှားသော နေရာတစ်ခုတွင် မှန်ဘောင်အတွင်း၌ ထည့်၍ချိတ်ဆွဲထားရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် အမှုများလက်ခံစစ်ဆေး ကြားနာစီရင်ခြင်းနှင့် စပ်လျဉ်းပြီး လိုက်နာရန် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၁၁-၇-၂၀၁၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ယင်းလုပ်ထုံးလုပ်နည်းများအရ နေ့စဉ်စစ်ဆေးကြားနာမည့် အမှုများအတွက် ကြိုတင်သတိပေးအမှုခေါ်စာရင်းကို အမှုကြားနာမည့် နေ့ရက်မတိုင်မီ ရက်သတ္တပတ် (၃)ပတ်ကြိုတင်၍ ရုံးထိုင်မည့် အကြောင်းအရာများကို အများပြည်သူ သိရှိစေရန် သောကြာနေ့တိုင်း အများပြည်သူမြင်နိုင်သည့် ရုံးအရှေ့အပြင်ဘက်နှင့် ရုံးခန်းရှေ့ရှိ ကြော်ငြာသင်ပုန်းများတွင် ကြေညာထားပါတယ်။

ထို့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ကြိုတင် သတိပေးအမှုခေါ်စာရင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များတွင်လည်း အမှုသည်များ၊ ရှေ့နေများ၊ လွယ်လင့်တကူ သိရှိနိုင်ရန်အတွက် ယင်းရုံးများသို့ ပေးပို့ကြေညာပေးစေလျက်ရှိပါတယ်။ ယနေ့ခေတ်မှာ ပြောင်းလဲတိုးတက်လာတဲ့ IT နည်းပညာနှင့်အညီ ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ Website ဖြစ်တဲ့ www.unionsupremecourt.gov.mm မှာ ၂ - ၄ - ၂၀၁၃ ရက်နေ့ကစ၍ လည်းကောင်း၊ Facebook Account တွင် ၄ - ၇ - ၂၀၁၆ ရက်နေ့ကစ၍ လည်းကောင်း၊ ကြိုတင်အမှုဖော်စာရင်းနှင့် အမိန့်ချမှတ်မည့် အမှုများစာရင်းကို အပတ်စဉ်ဖော်ပြကြေညာပေးလျက်ရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လူကိုယ်တိုင် လာရောက်ကြည့်ရှုရန် မလိုအပ်တော့ဘဲ အလှမ်းဝေးသည့် နေရာဒေသများတွင် နေထိုင်လျက်ရှိကြသော အမှုသည်များ၊ ရှေ့နေများ အနေဖြင့် မိမိတို့ရဲ့ အမှုကြားနာမယ့်နေ့ရက်နှင့် အမိန့်ချမှတ်သည့် နေ့ရက်များကို အဆင်ပြေ လွယ်ကူစွာ သိရှိနိုင်ကြပြီ ဖြစ်ပါတယ်။

တစ်ဖန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းလာသည့် အယူခံမှု၊ ပြင်ဆင်မှု လျှောက်ထားချက်များနှင့်ပတ်သက်ပြီး ယင်းသို့ တင်သွင်းလာသည့်နေ့တွင် ရုံးခန်းတာဝန်ကျ တရားသူကြီး၊ (Chamber Judge) တစ်ဦး ရှေ့မှောက်သို့ တင်ပို့စေပြီး လက်ခံသင့်/မသင့် ဆုံးဖြတ်ရပါတယ်။ အကယ်၍ လက်ခံလျှင်ဖြစ်စေ ပလပ်လျှင်ဖြစ်စေ ယင်းသို့ လက်ခံကြောင်း၊ ပလပ်ကြောင်း ဆုံးဖြတ်သည့်အမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြော်ငြာသင်ပုန်းများတွင် နေ့ချင်းကြေညာရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ အယူခံမှု၊ ပြင်ဆင်မှုအပေါ် လက်ခံကြောင်း၊ ပယ်ကြောင်း ချမှတ်လိုက်သည့် အမိန့်၊ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းပြီး နေ့စဉ်ထုတ်သတင်းစာများတွင် အချိန်မီထည့်သွင်းဖော်ပြရန် ဖြစ်နိုင်မည်မဟုတ်ပါ။

သို့ဖြစ်ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လက်ခံ၊ ကြားနာ၊ စီရင်၊ ဆုံးဖြတ်သည့် အမှုအခင်းများ၏ အပတ်စဉ် ကြိုတင်အမှုခေါ်စာရင်း၊ လက်ခံသည့်အမှုများ၊ အကျဉ်းနည်းဖြင့်ပလပ်သည့် အမှုများ၊ အပြီးသတ်အမိန့် ချမှတ်သည့်အမှုများကို နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် ပုံမှန်(သို့မဟုတ်) အချပ်ပို စာမျက်နှာတစ်ခု၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စာမျက်နှာအဖြစ် ထည့်သွင်းကြော်ငြာပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ သစ်တော ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၁၁)ဦး အမည်စာရင်း တင်သွင်း ထားပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ အခု ဆွေးနွေးမယ့် သစ်တောဥပဒေကြမ်းနှင့်ပတ်သက်လို့ Power Point အသုံးပြုခွင့်တောင်းခံအပ်ပါတယ်။ ကြောင်းကျိုး ဖော်ပြချက်များကိုတော့ ချန်လှပ်ထားခဲ့ပါရစေ။ ပုဒ်မ ၂ ပုဒ်မခွဲ (ည)ပါ အစိုးရက စီမံခန့်ခွဲပိုင်ခွင့် ရှိသောမြေဟူသည့် စကားရပ်အဓိပ္ပာယ်ဖွင့်ဆိုချက်၌ အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးဦးက ဟူသည့်စာသားနှင့် စိုက်ပျိုးလုပ်ကိုင်ခွင့်ဟူသည့် စာသားကြားတွင် စီမံခန့်ခွဲပိုင်ခွင့်ဟူသည့် စာသား ဖြည့်သွင်းလိုပါတယ်။

ပုဒ်မ ၂ ပုဒ်မခွဲ (ထ)မှာ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းဟူသည့် စကားရပ် ဖွင့်ဆိုချက်၌ ဤဥပဒေအရဆိုသည့် စာသားနှင့် သတ်မှတ်ကြေညာထားသည်ဟူသည့် စာသားအကြား တွင် ဝန်ကြီးက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဟူသည့်စာသားဖြည့်သွင်း လိုပါတယ်။ ပုဒ်မ ၂ ပုဒ်မခွဲ (န)ပါ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဟူသည့် စကားရပ်အနက်အဓိပ္ပာယ်ဖွင့်ဆို ချက်ကို အောက်ပါအတိုင်းပြင်ဆင်ဖွင့်ဆိုလိုပါတယ်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆိုသည်မှာပါတဲ့ ပုဒ်မခွဲ(န)ကို Power Point ၂ မှာ ဖော်ပြထားပါတယ်။

Power Point ၃ ပြည်သူ့လွှတ်တော်က တင်ပြထားသည့် ဥပဒေအခန်း (၂)နှင့်(၃)ကြားတွင် အခန်း (၂)(က)အဖြစ် စီမံအုပ်ချုပ်မှုအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းဟု ထည့်သွင်းလိုပါသည်။ ယင်းအခန်းတွင် အောက်ပါပုဒ်မ (၂)ရပ်ကို ဖြည့်သွင်းလိုပါသည်။ ဖြည့်သွင်းလိုတဲ့ ပုဒ်မ (၂)ရပ်ကို Power Point ၃ မှာ ဖော်ပြထားပါသည်။ ပုဒ်မ (၄)မှ ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို ပုဒ်မ ၄ ၏ ပုဒ်မခွဲ(က)အဖြစ် ထားရှိကာ ပုဒ်မခွဲ(ခ) အဖြစ် အောက်ပါအတိုင်း ပြဋ္ဌာန်းခြင်းဖြင့် ဖြည့်စွက်လိုပါသည်။ Power Point ၄

ကိုပြပါ။ (ခ) ပုဒ်မခွဲ (က)ပါ ကြိုးဝိုင်းတောအမျိုးအစားများအတွက် အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ချက်များကို နည်းဥပဒေ အဖြစ်ထုတ်ပြန်ရမည်။ ထိုအခန်း (၃) ပုဒ်မ ၄ ၏ (င) အခြားကြိုးဝိုင်းတောအမျိုးအစားများနောက်တွင် ဒေသခံပြည်သူများ စီမံခန့်ခွဲမှု ကြိုးဝိုင်းများဟု ဖြည့်စွက်လိုပါသည်။ ပုဒ်မ ၅ မှ ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို ပုဒ်မ ၅ ၏ ပုဒ်မခွဲ (က)အဖြစ်ထားရှိကာ ပုဒ်မခွဲ(ခ) အဖြစ် အောက်ပါ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်လိုပါသည်။ (ခ) ပုဒ်မခွဲ(က)ပါ ကြိုးပြင်ကာကွယ်တော အမျိုးအစားများအတွက် အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ချက်များကို နည်းဥပဒေအဖြစ်ထုတ်ပြန်ရမည်။ ထို အခန်း (၃) ပုဒ်မ ၅ ၏ (စ)အဖြစ် ဒေသခံများမှ မိမိတို့ ဓလေ့ထုံးတမ်းများအရ ထိန်းသိမ်းထားသော သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းဟု ဖြည့်စွက်လိုပါသည်။

ထိုအခန်း (၃) ပုဒ်မ ၇(ခ) အဆုံး၌ ကြိုးပြင်ကာကွယ်တောအဖြစ် ပြောင်းလဲသတ်မှတ်ခြင်း ပြုနိုင်သည်၏ နောက်တွင် စိုက်ပျိုးရေးအတွက်သော်လည်းကောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်သော်လည်းကောင်း၊ လူနေအခြေချမှုအတွက်သော်လည်းကောင်း ပြောင်းလဲသတ်မှတ်ခြင်းမပြုမီ ကွင်းဆင်းစိစစ်၍ သက်ဆိုင်ရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက် နစ်နာမှုများမရှိစေရန် ဆောင်ရွက်ရမည်ဟု ဖြည့်စွက်လိုပါသည်။ အခန်း (၃) ပုဒ်မ ၇(ခ) စာသားဖြစ်သည့် ဆက်လက်ကာကွယ်ထိန်းသိမ်းရန် မလိုအပ်သည့် ကြိုးပြင်ကာကွယ်တော တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၏နောက်၌ မြေပြင်ရှိကျေးရွာစိုက်ပျိုးမြေနှင့် အခြားမြေအသုံးချမှုများကို စိစစ်သုံးသပ်၍ ပြန်လည်ပယ်ဖျက်ပေးနိုင်သည်ကို ထပ်ဖြည့်လိုပါသည်။

ပုဒ်မ ၇ အပိုဒ်(ဂ)၏ နောက်တစ်ပိုဒ်(ဃ)အဖြစ် ဒေသခံများမှ ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသည့် သဘာဝသစ်တောများနှင့် ဒီရေတောများကို အသိအမှတ်ပြုနိုင်သည်။ ပုဒ်မ ၈ ပုဒ်မခွဲ(ဂ)၏ အစခြေဆင်းတွင် အသိအမှတ်ပြုနိုင်သည်ကို အစားထိုးလိုပါတယ်။ ပုဒ်မ ၈ ပုဒ်မခွဲ (ဂ)၏ အစခြေဆင်းတွင် ဝန်ကြီးသည်ဟူသည့်စာသားအစား ဝန်ကြီးသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဟူသည့် စာသားကို ပြင်ဆင်လိုပါသည်။

အခန်း (၄) ပုဒ်မ (၁၁)၏ အပိုဒ်ခွဲ (ဂ) တွင် (၁၀)နှစ်တစ်ကြိမ်အစား (၅)နှစ်တစ်ကြိမ်ဟူ၍ ပြင်ဆင်လိုပါသည်။ ပုဒ်မ (၁၂)၏အစ ခြေဆင်းတွင် သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေအတွင်းဟု ဆိုထားရာတွင် သစ်တောဖုံးလွှမ်းလျက်ရှိသည် ဟူသည့် စကားအတွင်း ဤဥပဒေတွင်ဖွင့်ဆိုရှင်းလင်းရန် ရှေ့ပုဒ်မ ၂တွင် အောက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထည့်သွင်းလိုပါသည်။ သစ်တောဆိုသည်မှာ အမြင့်(၅)မီတာ (၁၆)ပေ (၆)လက်မနှင့် အထက်ရှိသည့် သစ်ပင်များ သို့မဟုတ် ဤအမြင့်သို့ရောက်ရန် အလားအလာရှိသည့် သစ်ပင်များ၏ ရွက်အုပ်များ (၁၀)ရာခိုင်နှုန်း နှင့်အထက်ဖုံးလွှမ်းလျှက်ရှိသော ဧရိယာ (၁.၃)ဧက (၀.၅) ဟတ်တာနှင့်အထက်ရှိသည့် နယ်မြေကို ဆိုလိုသည်ဟု ထည့်သွင်းလိုပါသည်။

ဥပဒေကြမ်း၏ပုဒ်မ ၂၃ ပုဒ်မခွဲ (က)ပါ မိမိ အိမ်သုံးပရိဘောဂအသုံးအဆောင်ပစ္စည်းများ ဖြစ်ပါက သက်ဆိုင်ရာသစ်တောအရာရှိလက်မှတ် ထောက်ခံချက်ယူရမည်ဟူသည့် ဝါကျကို ပယ်ဖျက်လိုပါသည်။ ပုဒ်မ ၅၂ ပါ ဝင်ငွေကိုမပြင် ကျန်ငွေ ဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်ဟူသည့် စာသားကို

မြေခွန်မပေး ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်ဟု ပြင်ဆင်လိုပါသည်။ ဤဥပဒေကြမ်းပါ ၁၃ အထွေထွေတွင်အောက်ပါ ပုဒ်မပြဋ္ဌာန်းချက် တစ်ရပ်ကိုထည့်သွင်းလိုပါသည်။ ဤဥပဒေအရ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် ကြိုးဝိုင်းတောဖွဲ့စည်းခြင်း၊ ကြိုးပြင်ကာကွယ်တောသတ်မှတ် ကြေညာခြင်းတို့ ပြုလုပ်ရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခြား ဝန်ကြီးဌာနတစ်ရပ်က စီမံခန့်ခွဲနေသည့်မြေနှင့် အငြင်းပွားမှုဖြစ်လာပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အဆုံးဖြတ်ခံယူရမည်။

Power Point ၇ ဤဥပဒေမူကြမ်း ပြင်ဆင်ဖြည့်စွက်ဆွေးနွေးရခြင်းနှင့်ပတ်သက်၍ နိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သည့် သစ်တောသယံဇာတများအား စီမံအုပ်ချုပ်သည့် လုပ်ငန်းတို့ကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ အစိုးရအဖွဲ့၏ သစ်တောရေးရာမူဝါဒနှင့် သယံဇာတ နှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာမူဝါဒတို့ကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ပြည်သူတို့၏ ပူးပေါင်း ဆောင်ရွက်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးရန်အတွက် အဓိကလိုအပ်ချက်ကိုရည်ရွယ်၍ ဆွေးနွေးခြင်းဖြစ် ပါသည်။ ထို့အပြင် ပုဒ်မခွဲ(ဈ)ပါ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုသော ထာဝစဉ် တည်တံ့သည့် သစ်တောစီမံအုပ်ချုပ်မှု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်မှာ အခြေခံပြည်သူလူထု ပူးပေါင်းပါဝင်မှသာ ထာဝစဉ်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုယန္တရားကို တည်ဆောက်နိုင်မှာ ဖြစ်ပါသည်။ ကမ္ဘာ့သစ်တောပြုန်းတီးမှု အများဆုံးစာရင်းတွင် တတိယနေရာသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံ၏ အနာဂတ်သစ်တောကဏ္ဍဖွံ့ဖြိုးရန်မှာ ဂျာနယ်၊ သတင်းစာတို့တွင် မကြာမကြာဖတ်ရ လေ့ရှိသည့် သစ်ခိုးထုတ်သတင်းများ လွှမ်းမိုးနေသမျှကာလပတ်လုံး ရည်မှန်းချက် ဝေးနေဦးမည်ဖြစ် ပါသည်။

မြန်မာနိုင်ငံတစ်ဝှမ်း ၂၀၁၇ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ တရားမဝင်သစ်တန်ချိန် (၃၅၀၀၀)ကျော် ဖမ်းဆီးရမိခဲ့ကြောင်းနှင့် အများဆုံးဖမ်းဆီးရမိဒေသများမှာ ကချင်ပြည်နယ်၊ ရှမ်း ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရပါသည်။ ဖမ်းမမိခြင်းနှင့် မဖမ်းဘဲလွှတ်လိုက်ခြင်းက အဆများစွာပိုနိုင် ပါသည်။ သို့အတွက် ခေတ်အဆက်ဆက်မှ ယနေ့အထိတိုင် အဖြစ်သဘော အမှုပွေ့ခဲ့ကြသည့် သစ်တောဥပဒေ၏ အားနည်းချက်များကို စစ်ကြော၊ ပြုစုအဖြေရှာဆွေးနွေးကြရင်း ကောင်းသည်ထက် ကောင်းသည့် ဥပဒေတစ်ခု အမြန်ဆုံးပြဋ္ဌာန်းပေးနိုင်ပါရန် ပြည်သူများက မျှော်လင့်တောင့်တနေ ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၉။**

**ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း ဖြစ်ပါတယ်။

သစ်တောဥပဒေကြမ်းနှင့်ပတ်သက်ပြီး ကျွန်တော် ဆွေးနွေးလိုတဲ့အခန်း (၃) အပိုဒ် ၄ ရယ် အပိုဒ် ၅ ရယ် အပိုဒ် ၇ ရယ်တို့ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့။ ကျွန်တော်တို့နိုင်ငံ ဖက်ဒရယ် ဒီမိုကရေစီကို သွားနေတဲ့အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးတွေရဲ့ လုပ်ပိုင်ခွင့်တွေကို ခွဲဝေပေးဖို့ လိုအပ်ပါတယ်။ ဒါမှသာ ပြည်နယ်နှင့်တိုင်းဒေသကြီးတွေရဲ့ စီမံမှု၊ ပါဝင်မှုရှိလာတဲ့ ဖက်ဒရယ် ပြည်ထောင်စုကို ထူထောင်ဖို့အတွက် အထောက်အပံ့ဖြစ်လာမှာဖြစ်ပါတယ်။ အရင်အဆက်ဆက် ဥပဒေနှင့်လုပ်ထုံးလုပ်နည်း တော်တော်များများမှာ အပေါ်ကနေအောက်ကို စီးဆင်းမှုတွေပဲ တွေ့ရတာ များပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီရဲ့ သဘောက ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြတာဖြစ်ပါတယ်။ အဲဒီတော့ ဗဟိုချုပ်ကိုင်မှုကိုလျှော့ချပြီး အောက်ကနေအပေါ် တင်ပြတဲ့အချက်အလက်တွေ အဆိုပြုချက်တွေ အပေါ်မှာ အခြေခံထားတဲ့ ဥပဒေတွေဖြစ်လာမှသာလျှင် ခေတ်နှင့်လျော်ညီတဲ့ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် အပိုဒ် ၄ မှာ ကျတော့ ဝန်ကြီးသည် သဘာဝတောတောင် ရေမြေတို့ကို ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူနိုင်ရန်အလို့ငှာ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နယ်နိမိတ်သတ်မှတ်၍ အောက်ပါ ကြိုးဝိုင်းတော အမျိုးအစားများကို ဖွဲ့စည်းနိုင်သည်လို့ပြင်ချင်ပါတယ်။

နောက်အပိုဒ် ၅ မှာကျတော့ ဝန်ကြီးသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အလို့ငှာ ကြိုးဝိုင်းတောပြင်ပရှိ အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အဆိုပြုချက်ဖြင့် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့်ဆိုတဲ့အပိုဒ်ကို ပြင်ချင် ပါတယ်။ နောက်အပိုဒ် ၇ မှာကျတော့ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရမှ အဆိုပြုချက်ကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဆိုတဲ့အပိုဒ်တွေကို ပြင်ချင်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၁။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဒီ သစ်တောဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့မှ အခန်း(၁)၊ ပုဒ်မ ၂ (ည)(န) အခန်း(၂) ပုဒ်မ ၃(က)၊ ၃(ခ) အခန်း(၃)၊ ပုဒ်မ ၄(င) ၇ အဲဒါကတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်ပါတယ်။ နောက်တစ်ခါ ၄(ခ)ကတော့ အသစ်ဖြစ်ပါတယ်။ ၅(ခ)အသစ်နှင့် ၆(ဂ) နောက်အခါမှာ အခန်း(၁၃) အသစ်ဖြည့်စွက်ချင်ပါတယ်။ အခန်း(၅) အပိုဒ် ၁၄(က)(ခ) ဥပဒေကြမ်းရဲ့ ပြင်ဆင်ချက်တွေကိုလည်း ပြင်ဆင်ဖြည့်စွက်ချင်ပါတယ်။ Power Point သုံးခွင့်ပြုပါရှင်။

အဲဒီတော့ ဒီ(၁)မှာဆိုလို့ရှိရင် ဒီအစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်အရ အစိုးရဌာနအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်

ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေမှအပ အခြားမြေများကို ဆိုလိုတဲ့နေရာမှာ ကျွန်မအနေနဲ့ ပုဂ္ဂိုလ်တစ်ဦးက စီမံခန့်ခွဲပိုင်ခွင့်ဆိုတဲ့စာသားကို ထည့်သွင်းလိုပါတယ်။ ဒီဟာ အကျိုးအကြောင်းဖော်ပြချက်တော့ ကျွန်မတို့ ဒီ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကနေစီမံခန့်ခွဲနေတဲ့ မြေလွတ် မြေရိုင်းတွေပေါ့နော်။ ဒါကို စီမံခန့်ခွဲတာရယ် အခုသစ်တော ဦးစီးဌာနကနေပြီးတော့မှ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွေဆိုတာ အမည်အခေါ်အဝေါ်အားဖြင့် ကွဲပြားပေမယ့် ကျွန်မတို့ နေရာဒေသတွေမှာတော့ အတူတူပဲ မြေကအတူတူပဲ ဖြစ်နေပါတယ်။

ဒါကြောင့်မို့လို့ အဲဒီလိုမျိုး မြေတစ်နေရာတည်းကို ဌာနအသီးသီးက ကိုယ်တာဝန်ယူ ဆောင်ရွက်နေတဲ့ ဥပဒေအတိုင်းသာ ဆောင်ရွက်မယ်ဆိုရင် ဥပဒေချင်းပဋိပက္ခဖြစ်မယ်။ ဌာနချင်း ပဋိပက္ခအသွင် ရောက်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ မြေနေရာတူမယ်ဆိုလို့ရှိရင် ပြည်ထောင်စုအဖွဲ့ရဲ့ သဘောထားရယူဖို့ နောက်ပိုင်းမှာ ဒီပြဋ္ဌာန်းချက် ထည့်သွင်းနိုင်ဖို့အတွက်ကြောင့်မို့လို့ ဒီလို ဖြည့်စွက် ရခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အခန်း(၁)၊ ပုဒ်မ ၂(န)မှာ ကျွန်မပြင်ဆင်ချင်တာ ဒါလည်းရှေ့က ကိုယ်စားလှယ်ကြီး ဦးခွန်ဝင်းသောင်း နှင့်အတူတူပါဘဲ ဒါကြောင့်မို့လို့ ကျွန်မ ဒါကိုတော့ မဖတ်ပြ တော့ပါဘူး။ အကျိုးအကြောင်းဖော်ပြချက်ကတော့ ဒီမူလဥပဒေကြမ်းမှာ ဥပဒေဖွင့်ဆိုချက်တစ်ရပ် ရေးသားတဲ့အခါမှာ မူလဥပဒေကနေ အဲဒီဥပဒေရဲ့ ညွှန်ကြားချက်များကို ပြန်လည်ကိုးကားခြင်းထက် မူလဥပဒေမှာ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ အဲဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကိုးကားပြီးတော့ နည်းဥပဒေရေးသား ခြင်းနှင့် ညွှန်ကြားချက်နှင့် အမိန့်ကြော်ငြာစာများရေးသားခြင်းကသာ ပိုမိုကောင်းမွန်တဲ့ ရေးထုံးဖြစ် ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေအရ ပိုမိုစည်းနှောင်မှုအားကောင်းတဲ့ ကျွန်မ ခုနကပြောတဲ့ ပြင်ဆင် ချက်ကို အကြံပြုရခြင်းပဲဖြစ်ပါတယ်။

နောက် အခန်း(၂)၊ ၃(က) ဒီဟာကိုလည်း ကျွန်မ ခုနတုန်းက ကိုယ်စားလှယ်ကြီး ဦးခွန်ဝင်းသောင်း လို ကျွန်မတို့ သဘောတူပါတယ်။ နောက် ဦးဟန်ဝင်းသိန်း ပြောသွားသလိုပဲ။ ကျွန်မတို့ ဒီ ဥပဒေပြုတဲ့ပုံစံပေါ့နော်။ အဲဒီမှာဆို ကျွန်မတို့ တော်တော်များများမှာဆို ဗဟိုချုပ်ကိုင်မှု များနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့က ဒီလိုမျိုး သစ်တောလို လယ်ယာမြေစီမံခန့်ခွဲမှုလိုမျိုး ကိစ္စတွေမှာ ကျွန်မတို့က ဗဟိုချုပ်ကိုင်မှုဖြေလျှော့ပြီးတော့မှ ဖက်ဒရယ်သွားတဲ့အတွက်ကြောင့်မို့လို့ ဒေသန္တရအုပ်ချုပ်ရေးဘက်ကို တချို့လုပ်ပိုင်ခွင့်တွေပေးဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒီ ပုဒ်မ ၃(က)အနေနှင့် အခန်း(၂)မှာကျတော့ သစ်တောစီမံအုပ်ချုပ်မှု အဆင့်ဆင့်ဖွဲ့စည်းခြင်းဆိုတာကို Power Point မှာတင်ပြထားတဲ့အတိုင်း ပြင်ဆင်လိုပါတယ်။ အဲလိုပဲ ၃(ခ)မှာလည်း အဲလိုပဲ ပြင်ဆင် ပါတယ်။ ဒါလည်း စောစောတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားပြီးတာနှင့် အတူတူပဲ ဖြစ်ပါတယ်။ ကျွန်မ အချိန်ကြောင့်မို့လို့ ဒါကို အသေးစိတ်မပြောတော့ပါဘူး။

ဒီအကျိုးအကြောင်းဖော်ပြချက်ကလည်း ခုနတုန်းက ပြောသလိုပါပဲ။ ဒီနိုင်ငံသားအားလုံး နှင့်သက်ဆိုင်တဲ့သယံဇာတများကို စီမံအုပ်ချုပ်တဲ့အခါမှာ အစိုးရရဲ့ သစ်တောရေးရာမူဝါဒ၊ သဘာဝ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒတွေ အကောင်အထည်ဖော်တဲ့အခါမှာ ပြည်သူ

တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုအခန်းကို မြှင့်တင်ပေးဖို့လိုပါတယ်။ ဒါမှလည်း ကျွန်မတို့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ဖြစ်ပါတယ်။ ကျွန်မတို့ဒေသတွေမှာဆိုရင် ဒီ သစ်တောနှင့် ပတ်သက်တဲ့ကိစ္စတွေ မြေယာနှင့်ပတ်သက်တဲ့ကိစ္စတွေ ဘယ်လိုမှမဖြေရှင်းနိုင်ဘူး။ အဲဒါဘာကြောင့်လဲဆိုတော့ ဥပဒေတွေမှာ ကျွန်မတို့က ဗဟိုချုပ်ကိုင်မှုပဲ ပေးထားတဲ့အတွက်ကြောင့်မို့ အဆင့်ဆင့်တိုင်းကိုတင် ခရိုင်ဆိုရင်လည်း တိုင်းကျမှ တိုင်းကျတော့လည်း ပြည်ထောင်စုက ပြည်ထောင်စုကျတော့ တစ်ခါတိုင်းကို တစ်ခါပြန်ချ တိုင်းကနေခရိုင်ပြန်ချ ပြီးရင် မြို့နယ်ပြန်ချ အခုထိ ဘာတစ်ခုမှ မဖြေရှင်းပေးနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ဥပဒေမှာ ကျွန်မတို့က တိတိကျကျ ဒါလုပ်ပိုင်ခွင့်ကို အဆင့်ဆင့်ခွဲဝေပေးထားဖို့ လိုအပ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မ ဒါကို ဆွေးနွေးရခြင်းဖြစ်ပါတယ်။

နောက်တစ်ခါမှာ ဒီအခန်း(၃) ဒီ ပုဒ်မ ၄ မှာလည်း ဒီဥပဒေကြမ်းကနေပြီးတော့မှ ပြင်ဆင်ထားပါတယ်။ အဲဒါကို ကျွန်မအနေနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ အတည်ပြုချက်ဆိုတာကို ထည့်သွင်းချင်ပါတယ်။ ဒါကလည်း ခုနတုန်းက ဆွေးနွေးခဲ့သလိုပါပဲ။ လုပ်ပိုင်ခွင့်အများစုက ဗဟိုကချုပ်ကိုင်ထားတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းတွေကြန့်ကြာတဲ့အတွက်ကြောင့်မို့လို့ ပိုပြီးတော့မှ ကိုယ့်ဒေသရဲ့အကြောင်း ပိုပြီးသိရှိတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရကို လုပ်ပိုင်ခွင့်ပေးစေလိုပါတယ်။

ဒီအခန်း (၃)ပုဒ်မ ၅ ဒါလည်း ဒီလိုပဲ ဖြစ်ပါတယ်။ အဲဒီမှာလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ အတည်ပြုချက်ကို ထည့်သွင်းချင်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ခ) ဒါကတော့ အသစ်ဖြည့်စွက်ချင်ပါတယ်။ အဲဒါကတော့ ဒီ ပုဒ်မခွဲ(က)ပါ ကြိုးဝိုင်းတောအမျိုးအစားများအတွက် အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ချက်များကို နည်းဥပဒေအဖြစ် ထုတ်ပြန်ရမယ်ဆိုပြီးတော့ ကျွန်မ ပြင်ချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ သူ့ဒေသအလိုက်ရိုးရာဓလေ့ထုံးတမ်းတွေအပေါ်မှာ မူတည်ပြီးတော့မှ ထိန်းသိမ်းထားတဲ့သစ်တောတွေရှိပါတယ်။ အဲဒါတွေ ကျွန်မတို့ ဒီဥပဒေတွေထပ်ဖြည့်မယ်ဆိုရင် သိပ်ပြီးတော့မှ ပိုကြန့်ကြာမှာဖြစ်တဲ့အတွက်ကြောင့် နည်းဥပဒေထုတ်ပြန်ပြီးတော့မှ ဒီသစ်တောတွေကို အမျိုးအစားခွဲခြားပြီးတော့မှ ဖော်ပြချင်ပါတယ်။ နောက်အခန်း(၃)၊ ပုဒ်မ၅(ခ)မှာလည်း ဒီအတိုင်းပဲ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကြိုးပြင်ကာကွယ်တောတွေအတွက်ဆိုလည်း နည်းဥပဒေတွေနဲ့ ထုတ်ပြန်စေလိုပါတယ်။

နောက် အခန်း(၃)၊ ပုဒ်မ ၆(ဂ) အများပြည်သူတို့ရဲ့ အခွင့်အရေးထိခိုက်နစ်နာမှု သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးရေးဆိုတဲ့စာသားကို အများပြည်သူအတွက် အခွင့်အရေးထိခိုက်နစ်နာမှုများကို နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆိုပြီးတော့ ပြောင်းလဲလိုပါတယ်။ ဒါကလည်း ကျွန်မတို့ ဒီ နည်းလမ်းများနှင့်ဆို ဘယ်လိုနည်းလမ်းလဲဆိုတာကို ကျွန်မတို့က အငြင်းပွားဖွယ်ရာ ဖြစ်ပါတယ်။

နောက် အခန်း(၁၃) ဒီပုဒ်မကလည်း အသစ်ဖြစ်ပါတယ်။ ဒါကတော့ ဥပဒေအရ အစိုးရကနေစီမံခန့်ခွဲရတဲ့မြေမှာ ကြိုးဝိုင်းတောဖွဲ့စည်းခြင်း၊ ကြိုးပြင်တောကာကွယ်ခြင်း၊ သတ်မှတ်ခြင်းပြုရာမှာ တည်ဆဲဥပဒေတစ်ရပ်အရ အခြားဝန်ကြီးဌာနတစ်ရပ်က စီမံခန့်ခွဲနေသည့်မြေနှင့် အငြင်းပွားမှု

ဖြစ်လာပါက ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်ဖြစ်ပါသည်။ ရှေ့က ကျွန်မ ပုဒ်မ ၂(ည)မှာ ပြင်ဆင်တာနှင့် ပိုပြီးတော့မှ ကိုက်ညီမှုရှိရန်အတွက် ပြောရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ သတ္တမနေ့ ၂၅-၅-၂၀၁၈ (သောကြာနေ့) အစည်းအဝေးတွင် ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးအောင်သိန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးအောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော် အခု ဖတ်ကြားမယ့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ ကျွန်တော်တို့ အစီရင်ခံစာ ဖတ်ကြားမှာဖြစ်ပါတယ်။

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ၅-၃-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အစီရင်ခံစာတင်သွင်းခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးတို့က ၉-၃-၂၀၁၈ ရက်နေ့နှင့် ၁၃-၃-၂၀၁၈ ရက်နေ့တို့မှာ အကြံပြု ဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပညာရှင်များနှင့် ၂၀-၃-၂၀၁၈ ရက်နေ့နှင့် ၂၁-၃-၂၀၁၈ ရက်နေ့တို့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လေ့လာဆန်းစစ်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များအနက် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြင်ဆင်သင့်တဲ့အချက်များကို ပြင်ဆင်ပြီး ထိုပြင်ဆင်ချက်များကို ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါတယ်။

၃။ ဥပဒေကြမ်းကော်မတီနှင့် အကြံပြုဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းခဲ့တဲ့ အခါမှာ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ မူလဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၄၆၊ ပုဒ်မ ၅၉ တို့ကို ပယ်ဖျက်သင့်ကြောင်းနှင့် နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ မူလဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဃ)ကို ပယ်ဖျက်သင့်ကြောင်း၊ ပုဒ်မ ၁၇ ၏ နောက်တွင် ပုဒ်မ ၁၈ အဖြစ် အသစ်ဖြည့်စွက်သင့်ကြောင်းနှင့် ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ မူလဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဃ)ကို ပယ်ဖျက်သင့်ကြောင်း ဆွေးနွေးခဲ့ပါတယ်။

၄။ မူလဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၄၆၊ ပုဒ်မ ၅၉ တို့ပါ ပြဋ္ဌာန်းချက်များဟာ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရန် တမင်ရည်ရွယ်ချက်ဖြင့် မမှန်မကန်တိုင်ကြားတဲ့ ကိစ္စရပ်များအပေါ် အရေးယူဆောင်ရွက်ရန် လိုအပ်ခြင်းကြောင့် ပယ်ဖျက်ရန် မသင့်ဖြစ်သည့်အတွက် လည်းကောင်း၊ ပုဒ်မ ၁၇ ၏နောက်တွင် ပုဒ်မ ၁၈ အဖြစ် အသစ်ဖြည့်စွက်သည့် code of conduct ရေးဆွဲဆောင်ရွက်နေပြီဖြစ်ခြင်း၊ မူလဥပဒေပုဒ်မ ၇၂ တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များနှင့် ဝိရောဓိ ဖြစ်နိုင်ခြင်း၊ အဆိုပြုတင်ပြချက်သည် ဥပဒေရေးထုံးနှင့် ညီညွတ်မှုမရှိဘဲ ဆိုလိုသည့် အဓိပ္ပာယ်ပေါ်လွင် ထင်ရှားမှုမရှိခြင်းတို့ကြောင့် အသစ်ဖြည့်စွက်ရန် မလိုအပ်တော့သည့်အတွက်ကြောင့်လည်းကောင်း အဆိုပါဆွေးနွေးချက်များကို လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ကြောင်း သဘောထား ရရှိခဲ့ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၅။ ကော်မတီ၏ သဘောထားမှတ်ချက်အနေနဲ့ တင်ပြရမယ်ဆိုရင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကြည်ဝင်း၊ နော်လှလှစိုး၊ ဦးလှဆန်း တို့၏ တင်ပြချက်များကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်းနှင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားတဲ့ ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြတဲ့ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံစာ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဒေါက်တာမြတ်ဉာဏစိုး ( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံး ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက်ကို အဆိုပြုတင်ပြပါမယ် -

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၈)**

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၈၀ ပြည့်နှစ်၊ လ ရက်

(၂၀၁၈ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)(၁)(၂) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ် သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄ တွင် ဖော်ပြထားသော ပုဒ်မ ၃၊ ပုဒ်မခွဲ(က)(၁)(၂) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ တင်ပြလိုတာကတော့ ဥပဒေကြမ်းရဲ့-

အပိုဒ် ၅၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၁၀ နဲ့ အပိုဒ် ၁၁ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၂ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဃ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅ ပြင်ဆင်ဖြည့်စွက်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂ တွင် ဖော်ပြထားသော ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဃ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီကတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၆ ပုဒ်မခွဲ(ဌ)ကို ပုဒ်မခွဲ(ဍ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ အစားထိုးဖို့ တင်ပြထားပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများဖြစ်တဲ့ ဦးကြည်ဝင်း၊ ဒေါ်နော်လှလှစိုး နှင့် ဦးလှဆန်း တို့ကတော့ ပယ်ဖျက်ဖို့ တင်ပြထားတဲ့အတွက် ဒီအပိုဒ်ခွဲကိုတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးကြည်ဝင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ နော်လှလှစိုး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဦးလှဆန်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) တို့ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် ခလုတ်ကိုနှိပ်ပြီး ထောက်ခံမဲပေးရန်နှင့် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင်ခလုတ်ကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာ

ဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဦးကြည်ဝင်း၊ နော်လှလှစိုး နှင့် ဦးလှဆန်း တို့၏ တင်ပြချက်အတိုင်း အတည်ဖြစ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၆၀)မဲ၊ ကန့်ကွက်မဲ (၂၇)မဲ၊ ကြားနေမဲ (၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၇၊ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၈ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဏ) ပြင်ဆင်ချက်၊ အပိုဒ် ၁၉ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ည) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇၊ အပိုဒ် ၁၈ တွင် ဖော်ပြထားသော ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဏ)၊ အပိုဒ် ၁၉ တွင် ဖော်ပြထားသော ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ည) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နော်လှလှစိုး ကနေပြီးတော့ အပိုဒ်(၂၀)အဖြစ် အပိုဒ်သစ်တစ်ခု ဖြည့်စွက်လိုကြောင်း တင်ပြထားပါတယ်။

ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ အစီရင်ခံစာမှာ ထည့်သွင်းတင်ပြခဲ့ပြီးတဲ့အတိုင်းပါပဲ။ code of conduct လည်း ရေးဆွဲပြီးဖြစ်ပါတယ်။ ဥပဒေရေးထုံးနှင့်လည်း မညီတဲ့အတွက်ကြောင့်မို့လို့

အသစ်ဖြည့်စွက်ရန် မလိုအပ်ကြောင်းတင်ပြအပ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ဒီအချက်ကိုလည်း လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူ ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပြီး၊ ကန့်ကွက်မဲ များလျှင် နော်လှလှစိုး၏ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၆၉)မဲ၊ ကန့်ကွက်မဲ (၁၈)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့

အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ) ပြင်ဆင်ချက်၊ အပိုဒ် ၂၅ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄ တွင် ဖော်ပြထားသော ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ အပိုဒ် ၂၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အပိုဒ် ၂၆ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က) ပြင်ဆင်ချက်၊ အပိုဒ်

၂၇ ရဲ့ ခြေဆင်း၊ အပိုဒ် ၂၇ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ခ) ပြင်ဆင်ချက်၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ ခြေဆင်းနှင့် အပိုဒ် ၃၀ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၄၄ ပြင်ဆင်ချက်များကို လွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၆ တွင် ဖော်ပြထားသော ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇ တွင် ဖော်ပြထားသော ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ခ)၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ ခြေဆင်း၊ အပိုဒ် ၃၀ တွင် ဖော်ပြထားသော ပုဒ်မ ၄၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတဲ့အခါမှာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးကြည်ဝင်း ကတော့ မူလဥပဒေ ၄၆ ကို ပယ်ဖျက်ဖို့ တင်ပြထားပါတယ်။

ဥပဒေကြမ်းကော်မတီကတော့ မူလဥပဒေ ပုဒ်မ ၄၆ ကို ပယ်ဖျက်ရန် မသင့်ကြောင်း တင်ပြအပ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ဒီအချက်ကိုလည်း လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပြီး ကန့်ကွက်မဲ များလျှင် ဦးကြည်ဝင်း၏ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲ ပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၆၅)မဲ၊ ကန့်ကွက်မဲ (၂၆)မဲ၊ ကြားနေမဲ (၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၃၂ ခြေဆင်း ပြင်ဆင်ချက်၊ အပိုဒ် ၃၂ မှာပဲ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၅၃(က) ပုဒ်မခွဲ(က) ပြင်ဆင်ချက် အပိုဒ် ၃၃၊ အပိုဒ် ၃၄ ပြင်ဆင်ချက်များကို လွှတ်တော်က ဆက်လက် အတည်ပြု ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၂ ခြေဆင်း၊ အပိုဒ် ၃၂ တွင် ဖော်ပြထားသော ပုဒ်မ ၅၃(က) ပုဒ်မခွဲ(က)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းကော်မတီအနေနဲ့ အပိုဒ် ၃၅ အဖြစ် မူလဥပဒေ ပုဒ်မ ၅၉ ကို အစားထိုးဖို့ တင်ပြထား ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးကြည်ဝင်း ကတော့ ပယ်ဖျက်ဖို့ တင်ပြထားပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ဒီအချက်ကိုလည်း လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲ များလျှင် ဦးကြည်ဝင်း၏ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲ ပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင် ကြပါပြီ။

ထောက်ခံမဲ (၁၆၄)မဲ၊ ကန့်ကွက်မဲ (၂၄)မဲ၊ ကြားနေမဲ (၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ အပိုဒ် ၃၆ အဖြစ် အသစ်ဖြည့်စွက်ခြင်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြင်ဆင်တဲ့ ဥပဒေမှာပါရှိတဲ့ အပိုဒ် ၁၈ နှင့် အပိုဒ် ၂၁ တို့ကတော့ ပြင်ဆင်ဖို့ မလိုအပ်ပါဘူး။ ဒါကြောင့် မို့လို့ မူလဥပဒေ ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တင်ပြချက် အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုပြု ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၆ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၄၄ ပုဒ်မခွဲ(ခ)ကိုတော့ မလိုအပ်တဲ့အတွက် ကြောင့်မို့လို့ ပယ်ဖျက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုပြု ဥပဒေကြမ်း အပိုဒ် ၉ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဖ)ကိုလည်း မလိုအပ်တဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်က ပယ်ဖျက်ပြီးတော့ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။

ပယ်ဖျက်ချက် အတည်ဖြစ်တဲ့အတွက် ဤပယ်ဖျက်ချက်သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ အမျိုးသားလွှတ်တော်ကြီးကနေပြီးတော့ အတည်ပြုခဲ့တဲ့ အတည်ပြုပြင်ဆင်ခဲ့တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကိုတော့ အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တင်ပြချက် အတည်ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

**ဥက္ကဋ္ဌ**။ ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

**ဥက္ကဋ္ဌ**။ ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးအောင်ကြည် (ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် ဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းအား တစ်ပိုဒ်ချင်း ဆွေးနွေးဆုံးဖြတ်ပြီးခဲ့သည့်တိုင် အတည်ပြုပေးဖို့အတွက် အဆိုတင်သွင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းအား အတည်ပြုရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌက အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးမောင်မောင်လတ် က ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ် ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်(သောကြာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၀၈ နာရီအချိန်တွင် ရပ်နားပါသည်။]